# <u>သမ္မတ၏ဘက်တော်သားများသာဖြစ်သည်</u>

2014 Report on the Performance and Establishment of National Human Rights Institutions in Asia

၏

မြန်မာနိုင်ငံကဏ္ဍအစီရင်ခံချက်

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့
နှင့်
ညီမျှခြင်း-မြန်မာ

**နိဒါန်း**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ဖွဲ့စည်းခြင်းဥပဒေကို ယမန်နှစ်က ချမှတ်လိုက်သဖြင့် ၂၀၁၅ ခုနှစ်မှအစပြုမည့် ယင်း၏အခွင့်အာဏာကို အခိုင်အခန့်ထူထောင်ပေးလိုက်တော့သည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ လူ့အခွင့်အရေးအတွက် မည်သည့်စနစ်ကိုမဆို အမှန်တကယ် လိုအပ်နေသည်။ မြန်မာစစ်တပ်မှ မတရားမှုများ ဆက်လက်ကျူးလွန်နေခြင်း၊ စီးပွားရေးလုပ်ငန်းရှင်းနီးမြုပ်နှံမှုနှင့် ပတ်သက်နေသည့် များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် မြေယာသိမ်းပိုက်မှုများ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်အပေါ် ကန့်သတ်မှုများ ဖြစ်ပေါ်နေသည့်အပြင် လက်ရှိအရေးတကြီး ဖြေရှင်းရမည့်ကိစ္စမှာ မွတ်စလင်ဆန့် ကျင်ရေးသားပြောဆိုမှုများ၊ နှိပ်ကွပ်မှုများနှင့် အကြမ်းဖက်မှုများ ဆက်လက်ကြီးထွားနေခြင်းတို့ ဖြစ်သည်။

၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် ရိုဟင်ဂျာများ အဓိကဓားစာခံဖြစ်ခဲ့သော အကြမ်းဖက်မှုနှစ်ကြိမ် ဖြစ်ပြီးကတည်းက ထိုဒေသတွင် အခြေအနေ ယိုယွင်းဆုတ်ယုတ်လျက်ရှိနေသည်။ ရိုဟင်ဂျာအများစုပါဝင်သည့် လူပေါင်း ၁၃၅,၀၀၀ ခန့် ပြည်တွင်းအိုးအိမ်စွန့်ခွာသည် (IDP) စခန်းများတွင် နိမ့်ကျစုတ်ပဲ့စွာနေရချိန်၌ အစိုးရက နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) ကို လုံးဝမောင်းထုတ်ရန် ဝမ်းနည်းဖွယ်ဆုံးဖြတ်ခဲ့သည်။ ယင်းကိစ္စမှာ ယခုအစီရင်ခံစာနောက်ပိုင်းတွင်ဖော်ပြမည့် ဒူချီရာတန်ရွာသတ်ဖြတ်မှု့နှင့်ဆိုင်သည့် အချက်အလက်များကို အတည်ပြုထောက်ခံပေးမှုနှင့် ပတ်သက်နေသလို ဒေသတွင်း၌ NGO ဆန့်ကျင်ရေးအာဃာတများ လွှမ်းမိုးနေသည့် အနေအထားနှင့်လည်း ပတ်သက်နေသည်။ လူသားချင်းစာနာရေးအဖွဲ့များသည် ရိုဟင်ဂျာဘက်လိုက်ဆက်ဆံသည်ဟု ရခိုင်ဗုဒ္ဓဘာသာဝင်များက မြင်နေကြသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ အပါအဝင် အခြားလူသားချင်းစာနာရေးအဖွဲ့များမှာ အသေအချာစီစဉ်ထားသည့် လူစုလူဝေးအကြမ်းဖက်မှုကြောင့် ရခိုင်ပြည်နယ်မှ ထွက်ခွာခဲ့ရသည်။ အထောက်အပံ့များဖြန့်ဖြူးရာတွင် ရိုဟင်ဂျာဘက်လိုက်သည်ဟူသည့် အမြင်များက ယင်းအကြမ်းဖက်မှုကို မီးစပျိုးပေးခဲ့သည်။ MSF မှလွဲ၍ ဤ NGO များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ရခိုင်ပြည်နယ်သို့ ဖြည်းဖြည်းချင်း ပြန်လည်ဝင်ရောက်နေသော်လည်း အကူညီအထောက်ပံ့ကင်းမဲ့မှုက ရိုဟင်ဂျာလူထုကို ဆိုဝါးစွာထိခိုက်ခဲ့ရာ စားနပ်ရိက္ခာမရ၍ လူများငတ်ပြတ်နေခြင်း၊ ယခင်ကရခဲ့သည့် ဆေးဝါးစောင့်ရှောက်မှု အလုံအလောက်မရ၍ လူများ သေဆုံးနေကြခြင်းများ ဖြစ်နေသည်။

NGO များကိုဦးတည်သည့် အကြမ်းဖက်မှုမှာ မြန်မာနိုင်ငံတွင် နှစ် ၃၀ အတွင်း ပထမဆုံးအကြိမ်ဆောင်ရွက်သည့် ၂၀၁၄ ခုသန်းခေါင်စာရင်းကောက်ခံခြင်းနှင့် အလွန့်ဆက်စပ်နေသည်။ မြန်မာပြည်တွင် အစွန်းရောက်ဘုန်းကြီးများ နှင့် ရခိုင်အမျိုးသားရေးဝါဒီများဦးဆောင်၍ ရိုဟင်ဂျာလူမျိုးတို့ကို 'ဘင်္ဂါလီ' လူမျိုးအဖြစ်စာရင်းသွင်းရေး လှုပ်ရှားမှုအောင်မြင်သွားပြီး အစိုးရအနေဖြင့် ရိုဟင်ဂျာတည်ရှိမှုအား လက်ခံအသိအမှတ်ပြုရေးကို ငြင်းပယ်ရန် နောက်ဆုံးအချိန်ကျမှကပ်ပြီး ဆုံးဖြတ်ခဲ့ကာ ၎င်းတို့ကို တရားမဝင်ကူးဝင်လာသူများအဖြစ် ပုံဖော်ခဲ့သည်။ အမုန်းတရားလှုပ်ရှားမှုကို သမ္မတဦးသိန်းစိန်နှင့်ရင်းနီးသော အစွန်းရောက်ဘုန်းကြီး ဦးဝီရသူက ဥပဒေအတားအဆီးမဲ့လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် အရေးယူမခံရရုံမက အစိုးရ၏ နှိပ်ကွပ်ရေးမူဝါဒများနှင့် ဟန်ချက်ညီညီလက်တွဲလုပ်ဆောင်ခဲ့သည်ကို လူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် Fortify Rights က ရိုဟင်ဂျာတို့ကို နှိပ်ကွပ်ရေးအတွက် တရားဝင်အစိုးရမူဝါဒများအကြောင်း ၎င်း၏အစီရင်ခံစာ[1]တွင် မှတ်တမ်းတင်ထားသည်။

သမ္မတဦးသိန်းစိန်က ဘာသာခြားများအကြားလက်ထပ်ခွင့်ကို ကန့်သတ်သည့် ဘာသာမတူ လက်ထပ်ထိမ်းမြားခွင့်ဥပဒေကြမ်း အဆိုပြုထားသည်ကိုလည်း ထောက်ခံထားသည်။ ထို့ကြောင့် မွတ်စလင်ယောကျ်ားတယောက်က ဗုဒ္ဓဘာသာမိန်းမတယောက်ကို လက်ထပ်လိုလျှင် ဘာသာပြောင်းရမည်ဖြစ်ပြီး ဗုဒ္ဓဘာသာမိန်းမ၏မိဘများကလည်း ယင်းသို့

[1] Policies of Persecution: Ending Abusive State Policies Against Rohingya Muslims in Myanmar,Fortify Rights, 2014, http://www.fortifyrights.org/downloads/Policies_of_Persecution_Feb_25_Fortify_Rights.pdf

လက်ထပ်ခွင့်ပေးဖို့လိုသည်။ အဆိုပါဥပဒေမျိုးသည် အမျိုးသမီးတို့အနေဖြင့် မိမိတို့၏အိမ်ထောင်ဖက်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်အား ချိုးဖောက်နေပြီး မွတ်စလင်များအပေါ်လည်း ပိုမို၍ ခွဲခြားဆက်ဆံရာရောက်နေသည်။

ပဋိပက္ခနှင့်ဆက်နွယ်၍ လူ့အခွင့်အရေးမတရားမှုများ ဖြစ်ပျက်လျှက်ရှိရာ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်းတို့တွင် ဖြစ်နေသည်။ တရားလက်လွတ် ဖမ်းဆီးချုပ်နှောင်ခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် တရားစီရင်မှုမရှိဘဲသတ်ဖြတ်ခြင်း အားလုံးတို့မှာ ဗမာစစ်တပ်၏ စနစ်တကျလုပ်ဆောင်နေသည့် မူဝါဒများဖြစ်ပြီး ဗမာစစ်တပ်ဆိုသည်မှာ ၂၀၀၈ အခြေခံဥပဒေအရ ပြစ်ဒဏ်ကင်းလွတ်ခွင့် အာမခံချက်ရထားသည့် လုံးဝပြုပြင်ပြောင်းလဲမှုမရှိသော အဆောက်အအုံအဖြစ် ဆက်လက်တည်ရှိနေသည်။ အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ ရှိသော်လည်း ဗမာစစ်တပ်သည် ထိုးစစ်များ ဆက်လက်ဆင်နွှဲနေပြီး မတရားမှုများကျူးလွန်နေဆဲဖြစ်သည်။ ကရင်ပြည်နယ်ကဲ့သို့ အပစ်ရပ်ဒေသများတွင် ကျင့်ဝတ်သိက္ခာမဲ့သောစီးပွားရေးသမားများက အများအားဖြင့် ဗမာစစ်တပ် သို့မဟုတ် ၎င်း၏လက်ဝေခံတပ်ဖွဲ့များနှင့် တွဲဖက်၍ မြေယာများ သိမ်းယူနေကြရာ တိုက်ပွဲများတည်ငြိမ်နေသည်ကို အခွင့် ကောင်းယူပြီး အမြန်အမြတ်ထွက်ရန် လုပ်ဆောင်နေကြသည်။ ဗမာစစ်တပ်ကိုယ်တိုင်ကမူ စစ်အင်အားဖြည့်တင်းနေပြီး အားကြီးအောင် လုပ်ဆောင် နေသည်။

နိုင်ငံရေးအကျဉ်းသားအချို့ လွတ်မြောက်လာသော်လည်း ထပ်မံဖမ်းဆီးမှုအများအပြား ရှိနေရသည်၊ အထူးသဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေ ပုဒ်မ ၁၈ အောက်တွင် ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်သောဥပဒေများလည်း အသက်ဝင်နေဆဲ ဖြစ်သလို သတင်းမီဒီယာအပေါ် ပိုမိုချုပ်ချယ်လာ[2]သည်။ နိုင်ငံရေးစေ့ဆော်ချက်အပေါ်အခြေခံပြီး သတင်းစာ ထောက်များကို ဖမ်းဆီး၍ ပြစ်မှုစွဲတင်သည့်အထဲတွင် ဓာတုလက်နက်စက်ရုံအကြောင်း သတင်းပို့မှုဖြင့် ယူနတီဂျာနယ်မှ ငါးဦး၊ အကျင့်ပျက်ခြစားမှုကို စုံစမ်းရန်ကြိုးပမ်းမှုဖြင့် ဒီဗီဘီသတင်းထောက် ဇော်ဖေ၊ ပိုင်နက်ကျူးလွန်မှုနှင့် အသရေဖျက်မှုစွပ်စွဲချက်များဖြင့် ထောင်ချခံခဲ့ရသော Eleven Media မှ မခိုင်၊ မီဒီယာနှိပ်ကွပ်မှု ပြင်းထန်လာသည်ကို ဦးဆောင်ဆန္ဒပြမှုဖြင့် တရားစွဲခံခဲ့ရသော မဖြိုးမသတင်းထောက် တို့ပါဝင်ကြသည်။ ဤသည်မှာ ဦးသိန်းစိန်အစိုးရအောက်၌ လူ့အခွင့်အရေးပြဿနာသည် နောက်သို့ ခြေလှမ်းကြီးတလှမ်းပြန်ဆုတ်သွားခြင်း ဖြစ်သည်။

အလားတူအခြေအနေများမှာ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အထူးသဖြင့် မြေ သိမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အထူးစီးပွားရေးဇုံများ (SEZ) ကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပါဝင်သော ရေအမစီမံကိန်းကြီးများ၊ ဥပမာ- သီလဝါဇုံ (ဂျပန်ပါဝင်ပတ်သက်မှု)၊ ကျောက်ဖြူဇုံ (တရုတ် ပါဝင်ပတ်သက်မှု)၊ ထားဝယ်ဇုံ (ထိုင်း ပါဝင်ပတ်သက်မှု) တို့ကြောင့် ထောင်နှင့်ချီသော ပြည်သူများ အိုးအိမ် စွန့်ခွာခဲ့ရပြီး လုံလောက်သည့် လျော်ကြေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူများ မရရှိသည့်အပြင် စစ်မှန်သည့် ညှိနှိုင်းဆွေးနွေးမှု များအတွက် ၎င်းတို့ဘက်မှ အားစိုက်လုပ်ဆောင်ခြင်းမရှိခဲ့ပေ။ အိုးအိမ်စွန့်ရသည့် ကျေးရွာသားများသည် သဘောတူစာချုပ်များ အတင်းအကြပ်လက်မှတ်ထိုးခိုင်းခြင်း၊ လျော်ကြေး လက်ခံခိုင်းခြင်းများ ပြုလုပ်ခံခဲ့ရကာ ဒေသခံများခံမှ လုံလောက်သော သတင်းအချက်အလက်အပေါ် အခြေခံသည့် လွတ်လပ်သော သဘောထားကို ရယူရမည်ဟူသော Free, Prior and Informed Consent စံနှုန်းကို ပြည်တွင်းပြည်ပ ကုမ္ပဏီများကသော် လည်းကောင်း၊ မြန်မာအစိုးရကိုယ်တိုင်ကသော်လည်းကောင်း စနစ်တကျလျစ်လျူရှုနေကြသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်ကဏ္ဍ၊ အထူးသဖြင့် စက်မှုဇုံများရှိ အထည်ချုပ်လုပ်ငန်း၌ ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှု အလား အလာရှိနေရာ အလုပ်သမားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးမှာ အဓိကကျနေသည်၊ သို့ရာတွင် အလုပ် သမားအရေးတက်ကြွလှုပ်ရှားသူများနှင့် သမဂ္ဂအဖွဲ့ဝင်များကို နှောင့်ယှက်မှု၊ ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပေါ် နေသည်။ အလုပ်သမားတို့မှာ စိတ်ပျက်စဖွယ်နိမ့်ကျလှသော လုပ်ခလစာများ၊ စက်ရုံများအတွင်း လုပ်ငန်းခွင် ကျန်းမာရေးနှင့်ဘေးကင်းရေး၊ အလုပ်ချိန်ရှည်ကြာမှုများ စသည့်အခြေအနေများ တိုးတက်ကောင်းမွန် လာစေရန်

[2] Burma: Repression Marks Press Freedom Day, Human Rights Watch, 2014, http://www.hrw.org/news/2014/05/03/burma-repression-marks-press-freedom-day

ကြိုးစားနေကြသော်လည်း ၂၀၁၂ ခုတွင် ပြဋ္ဌာန်းခဲ့သောဥပဒေက အလုပ်သမားများကို လုံလောက်သော ကာကွယ်စောင့်ရှောက်မှု မပေးပေ။

ပြည်သူတို့၏ စီးပွားရေးနှင့်လူမှုရေးအခွင့်အရေးများကို ထိပါးနေသော အခြားစီးပွားရေးစီမံကိန်းကြီးများမှာ အထူးသဖြင့် တိုင်းရင်းသားနယ်မြေများတွင်ရှိသည့် အကြီးစား သတ္တုတူးဖော်ရေးနှင့် ရေအားလျှပ်စစ်စီမံကိန်းတို့ ဖြစ်သည်။ ဥပမာ- စစ်ကိုင်းတိုင်းမှ လက်ပန်တောင်းကြေးနီမိုင်းနှင့် ရှမ်းပြည်နယ်မှ တာဆန်းရေကာတာတို့မှာ ဒေသခံ ရပ်ရွာလူထုများကို လုံလောက်သည့်လျော်ကြေးမပေးဘဲ ဖယ်ထုတ်နေပြီး သိသာထင်ရှားသော ပတ်ဝန်းကျင်ထိခိုက်မှု ဆိုးကျိုးများ ဖြစ်ပေါ်နေစေသည်။

ဤအခြေအနေထဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ထိရောက်မှုမရှိဖြစ်နေသည်။ စိုးရိမ်ပူပန်ရဆုံးနယ်မြေနှစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် MNHRC က ဘာမှ ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ပဋိပက္ခဒေသများရှိ မတရားမှုများကို ၎င်းတို့အနေဖြင့် စုံစမ်းစစ်ဆေးခြင်း မပြုနိုင်ကြောင်း ကော်မရှင်ဥက္ကဌက ရှင်းရှင်းလင်းလင်း ပြောခဲ့သည်။ သို့ဖြင့် ကချင်ပြည်နယ်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဖြစ်ပွားနေဆဲ ဆိုးသွမ်းရက်စက်မှုများ ကိုလည်းကောင်း ပစ်ပယ်နေပြီး ရခိုင်ပြည်နယ်တွင်မူ ယုံကြည်လောက်ဖွယ် အထောက်အထားများ ကုလသမဂ္ဂလက်ဝယ်ရှိနေကာ MSF ကအတည် ပြုထားသော်လည်း ရိုဟင်ဂျာ ၄၀ ကျော်အသတ်ခံရမှု၌ ပုလိပ်များ ပတ်သက်နေသည့် ဒူချီရာတန်ရွာ သတ်ဖြတ်မှုအကြောင်း မည်သည့်အထောက် အထားမှ မတွေ့ရဟုဆိုနေသည်။ ထိုမျှသာမကဘဲ MNHRC သည် ရိုဟင်ဂျာလူမျိုး တို့ကို ဘင်္ဂါလီဟူသည့်ဝေါဟာရဖြင့် ဆက်လက်သုံးစွဲနေရာ ၎င်းတို့၏ ခွဲခြားဆက်ဆံရေးစိတ်ဓာတ်ကို ရှင်းရှင်းလင်း လင်းပြသနေပြီး ကျူးလွန်မှုဖြစ်စဉ်ကို ပိုမိုဆိုးဝါးနေစေသည်။

**<u>လွတ်လပ်မှု</u>**

| NHRI တည်ထောင်ပုံ | |
|---|---|
| ဥပဒေ/အခြေခံဥပဒေ/သမ္မတအမိန့်ဖြင့် ထူထောင်ခြင်း | *မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ ၂၀၁၄* |
| | က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ကျူးထားသော နိုင်ငံသားတို့၏ အခြေခံမူလ အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်<br><br>ခ) ကုလသမဂ္ဂက ထုတ်ပြန်သော ကမ္ဘာ့ လူ့အခွင့်အရေး ကြေငြာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကိုလေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတရပ် ပေါ်ပေါက်လာစေရန်<br><br>ဂ) နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေငြာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာ ကွယ်ရန်<br><br>ဃ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသော အမျိုးသားအဆင့် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ |

| | |
|---|---|
| | အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ရန်။ |

**<u>အခွင့်အာဏာ</u>**

| ရွေးချယ်ပုံနှင့် ခန့်အပ်ပုံ | |
|---|---|
| ရွေးချယ်မှုဖြစ်စဉ်ကို ပွင့်လင်းမြင်သာပြီး အများပါမှု ရှိသောဖြစ်စဉ်အဖြစ် သက်ဆိုင်ရာဥပဒေ သို့မဟုတ် နည်းဥပဒေများအရသော်လည်းကောင်း သို့မဟုတ် တရားဝင်တာဝန်ခံမှုရှိသော အုပ်ချုပ်ရေး စည်းမျဉ်းများအရသော်လည်းကောင်း တရားဝင်ပြုလုပ်ခဲ့ပါသလား။ | အဖွဲ့ဝင်လောင်းများကို ပဏာမအဆိုပြုသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းမှာ ရွေးချယ်ရေးဘုတ်အဖွဲ့၏ လက်ဝယ်တွင်ရှိသည်။ သို့ရာတွင် ကော်မရှင်ဖွဲ့စည်းသည့် ဥပဒေထဲ၌ အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်း၍ ရွေးချယ်သည့်ဖြစ်စဉ်/ လုပ်ထုံးလုပ်နည်း ကို သတ်မှတ်ထား သင့်သည်။ |
| ရွေးချယ်ရေးဖြစ်စဉ်ကို NGO များ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့များပါဝင်သော ပွင့်လင်းမြင်သာ၍ မျှတမှုရှိသည့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် လွတ်လပ်ပြီးယုံကြည်လောက်သည့်အဖွဲ့ အောက်မှာ လုပ်ပါသလား။ | MNHRC အဖွဲ့ဝင်လောင်းများကို ရွေးချယ်ရေးဘုတ်အဖွဲ့ကရွေးချယ်ပြီး သမ္မတက နောက်ဆုံးရွေးချယ်ခန့်အပ်မည်ဖြစ်သည်။ ယခုအခါ ဤရွေးချယ်ရေးဘုတ်အဖွဲ့၌ အဖွဲ့ဝင်ဆယ်ဦးပါပြီး ငါးဦးမှာ အစိုးရမှ သို့မဟုတ် အစိုးရနှင့်ဆက်စပ်အဖွဲ့မှဖြစ်သည်။ အရပ်ဘက်လူမှုအသင်းအဖွဲ့မှ နှစ်ဦးသာပါပြီး ၎င်းတို့မှာ မှတ်ပုံတင်ထားသည့် NGO တခုခုမှ ဖြစ်ရမည်။ ဤအချက်မှာ ပြဿနာရှိသည်။ ဦးစွာအားဖြင့် ရွေးချယ်ရေးဘုတ်အဖွဲ့ထဲတွင် အစိုးရကိုယ်စားလှယ် များ လွန်းနေသည်၊ လွတ်လပ်မှုတိုးမြှင့်ဖို့ ယင်းအရေအတွက် ကို လျှော့ချပစ်ရမည်။ ထို့အပြင် အရပ်ဘက်လူမှုအသင်းအဖွဲ့အများအပြားမှာ မှတ်ပုံတင်မထားသဖြင့် ယခုပြဋ္ဌာန်းချက်က အရပ်ဘက်လူမှုအသင်းအဖွဲ့များ၏ ကြီးမားသည့် အစိတ်အပိုင်းများကို ဖယ်ထုတ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် သေးငယ်သည့် ရပ်ရွာလူထုအဖွဲ့များနှင့် ထင်ရှားသော နိုင်ငံရေးနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများကို ဖယ်ထားသည်။ |
| ကော်မရှင်ဝင်အဖြစ် လျှောက်ထားသူများကို အကဲဖြတ်ရာတွင် ကြိုတင်ချမှတ်ထားသော၊ ဓမ္မဓိဋ္ဌာန်ကျသော၊ အများပြည်သူများ သိရှိလေ့လာနိုင်သော စံနှုန်းများအပေါ် အခြေခံသကါလား။ | *ကော်မရှင်ဖွဲ့စည်းသည့်ဥပဒေတွင် လျှောက်ထားသူများကို အကဲဖြတ်သည့် စံနှုန်းများ ဖော်ပြထားသည်၊ ယင်းအထဲတွင် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများ၊ ကောင်းမွန်သည့်အုပ်ချုပ်မှု၊ အများပြည်သူပညာပေးမှု၊ ယဉ်ကျေးမှုရေးရာ၊ စီးပွားရေး၊ အလုပ်အကိုင်ရေးရာ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့ စသည့် ကိစ္စရပ်များစွာ၌ အတွေ့အကြုံရှိဖို့ ပါဝင်သည်။ လျှောက် ထားသူများသည် အသက် ၃၅ နှစ်အထက် မြန်မာနိုင်ငံ သား အကျင့်စာရိတ္တကောင်းသူ ဖြစ်ရမည်။* |
| အဆုံးအဖြတ်ပေးသည့်အဖွဲ့သည် မည်မျှအလွှာစုံပြီး ကိုယ်စားပြုမှုရှိသပါလဲ။ ကျားမအချိုးအစား၊ တိုင်းရင်းသား | ပုဒ်မ ၇(ဂ) တွင် ကျားမအချိုးအစား၊ တိုင်းရင်းသား သို့မဟုတ် လူနည်းစုအနေအထားအရ အလွှာစုံစနစ်ကို ထည့် |

| | |
|---|---|
| သို့မဟုတ် လူနည်းစုအနေအထားအရ အလှည့်စုံစနစ်ကို ထည့်သွင်း စဥ်းစားသလား။ | သွင်းစဥ်းစားထားသည်၊ သို့သော် တိတိကျကျမဟုတ်။ ထို့ကြောင့် အမျိုးသမီး၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများ အချိုးအစားကိန်းဂဏန်းကို သတ်မှတ်ဖော်ပြသင့်သည်။ |
| ရာထူးသက်တမ်း | |
| NHRI အဖွဲ့ဝင်များ ခန့်အပ်ခြင်းသက်တမ်း | ငါးနှစ် |
| အဖွဲ့ဝင်များ နောက်ထပ်ခန့်အပ်မည့်အချိန် | ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်း |

လက်ရှိ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို မကြာသေးမီကမှ ချမှတ်ခဲ့ခြင်းဖြစ်၍ လက်တွေ့ကျင့်သုံးပုံကို အကဲဖြတ်နိုင်ဖို့ အချိန်စောလွန်းသေးသည်။ လက်ရှိကော်မရှင်အဖွဲ့ဝင်များကို ဤဥပဒေအပေါ် အခြေခံ ရွေးချယ်ထားခြင်းမဟုတ်ဘဲ ၂၀၁၅ ရွေးကောက်ပွဲပြီးမှ အဖွဲ့သစ်ကို ရွေးချယ်မည်ဖြစ်သည်။ သို့သော်လည်း ဥပဒေတွင် လွတ်လပ်မှုနှင့်ပတ်သက်၍ ပြဿနာများ ရှိနေသည်။ ထို့ကြောင့် ထိရောက်မှုမှာပါ ပြဿနာရှိနေသည်။

ဘဏ္ဍာရေးလွတ်လပ်မှုနှင့်ပတ်သက်၍ ပြောရလျှင် ယင်းမှာ ပြဿနာတခုဖြစ်နေသည်။ လောလောဆယ်တွင် MNHRC သည် ငွေကြေးအထောက်အပံ့ကို လွှတ်တော်မှမဟုတ်ဘဲ အစိုးရထံမှ ရယူနေသည်။ MNHRC အဖွဲ့ဝင်များ၏ ထောက်ပံ့ကြေးများ၊ ခံစားခွင့်များ၊ ဉာဏ်ပူဇော်ခများမှာလည်း အထွေထွေ MNHRC ဘတ်ဂျက်အောက်မှာ မရှိဘဲ သမ္မတသဘောဖြစ်နေသည်။ သို့ဖြစ်၍ ဌာနအတွက် ငွေကြေးထောက်ပံ့မှုဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးချင်းအတွက် အကျိုးခံစားခွင့်များဖြစ်စေ အုပ်ချုပ်ရေးနယ်ပယ်၏ ချုပ်ကိုင်မှုအောက် အလွန်အမင်းကျရောက်နေရာ လွတ်လပ်မှု ကန့်သတ်ခံနေရသည်။

ရာထူးမှထုတ်ပယ်ခြင်းနှင့်ပတ်သက်၍ အသက်သွင်းဥပဒေ၌ စိတ်ထင်သလိုအလုပ်ထုတ်ခြင်းကို တားဆီးဖို့ အာမခံချက်များ ပေးမထားပေ။ ယင်းအာမခံချက်သည် ထိရောက်မှုနှင့် လွတ်လပ်မှုအတွက် အခရာကျသည်။ MNHRC အဖွဲ့ဝင်တဦးကို အလုပ်ထုတ်နိုင်သည့်အာဏာ မည်သူ့တွင်ရှိသည်ကို သတ်မှတ်မထားပေ။ ထို့အပြင် အဖွဲ့ဝင်တဦးကို ထုတ်ပယ်နိုင်သည့် အခြေခံအကြောင်းများမှာလည်း ကျယ်ပြောလွန်းသည်။ အကယ်၍ အကြင်ပုဂ္ဂိုလ်သည် "ကော်မရှင်၏ ဦးတည်ချက်များကို ပျက်ပြားဆုံးရှုံးနိုင်စေသည့် လုပ်ရပ်များ၌ တမင်တကာ ပါဝင်ပတ်သက်နေပါက" ထုတ်ပယ်ခံရနိုင်သည်။ သို့ဖြစ်၍ စိတ်ထင်သလိုထုတ်ပယ်နိုင်သည့်အလားအလာ ကြီးမားနေပြီး ထုတ်ပယ်ရေးလုပ်ထုံးလုပ်နည်းများမှာလည်း ဝေဝါးဝါးဖြစ်နေသည်။

MNHRC ဝန်ထမ်းများအဖို့ပြောရလျှင်၊ ကော်မရှင်လူကြီးများအတွက် အလှည့်စုံစနစ် စဥ်းစားမှုများ ထည့်သွင်းထားသော်လည်း ဝန်ထမ်းများအတွက်မူ ထည့်မထားပေ။ ဆွေမျိုးသားချင်းကောင်းစားရေးဝါဒကို ကြိုတင်ကာကွယ်မည့် ပွင့်လင်းမြင်သာသော ဝန်ထမ်းရွေးချယ်ရေးလုပ်ထုံးလုပ်နည်းကို အာမခံနိုင်သည့် ပြဋ္ဌာန်းချက်များလည်း မရှိပေ။

လက်ရှိကော်မရှင်လူကြီးများထဲတွင် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးကိစ္စများနှင့် ပတ်သက်ပြီး မှတ်တမ်းသိပ်မကောင်းသော အတိတ် ဇာတ်ကြောင်း ရှိသူများ ပါဝင်နေသည်။ လက်ရှိဥက္ကဋ္ဌ ဝင်းမြ သည် ၁၉၉၄ နှင့် ၂၀၀၁ ခုကြားတွင် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာသံအမတ်ဟောင်းဖြစ်သည်။ သူ့သက်တမ်းအတွင်း မြန်မာ့သမိုင်းတွင် အထူးတလည်ဖိနှိပ်လှသောကာလ၌ လူ့အခွင့်အရေးချိုးဖောက်မှုများကို အထောက်အထားများ ပေါ်များစွာရှိနေသည့်ကြားက တောက်လျှောက်ငြင်းဆိုခဲ့သည်။ ၂၀၀၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ညီလာခံတွင်လည်း အဓမ္မလုပ်အားပေးမှုကို ငြင်းဆိုခဲ့သည်။ ထိုစဉ်က ယင်းလုပ်ရပ်ကို မြန်မာပြည်တွင် ကျယ်ပြန့်စွာအသုံးပြုနေချိန်ဖြစ်သည်။ ထိုမျှသာမက ၎င်းသည် ရိုဟင်ဂျာကို မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးမဟုတ်ဟု ငြင်းပယ်ခဲ့သည်။ ယင်းအချက်သည် လက်ရှိ ရခိုင်ပြည်နယ်မှ လူ့အခွင့်အရေးအခြေအနေတွင် အထူးပေါ်လွင်နေသည်။ ဒုဥက္ကဋ္ဌဖြစ်သူ ကျော်တင့်ဆွေ မှာလည်း ၂၀၀၁ နှင့် ၂၀၁၀ ခုကြားတွင် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာသံအမတ်

အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် သိသာထင်ရှားလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း တောက်လျှောက်ငြင်းဆိုခဲ့သည်။ ၎င်းက မြန်မာနိုင်ငံသည် "စနစ်တကျ သတင်းမှားထုတ်လွှင့်ရေးကမ်ပိန်း"[3] ၏ သားကောင်ဖြစ်နေသည်ဟု ဆိုခဲ့သည်။ နောက်အဖွဲ့ဝင်တဦးဖြစ်သူ ဦးလှမြင့်မှာ ၂၀ ရာစုအတွင်း လူ့အခွင့်အရေးဆက်တိုက်အချိုးဖောက်ဆုံး စစ်တပ်တခုဖြစ်သည့် မြန်မာစစ်တပ်မှ ဗိုလ်မှူးချုပ်ဟောင်းဖြစ်သည်။

## <u>ထိရောက်မှု</u>

လူ့အခွင့်အရေးဖောက်ဖျက်မှုများကို လွတ်လပ်၍ကျင့်ဝတ်နှင့်ညီသည့် စုံစမ်းစစ်ဆေးမှု လိုအပ်သည့်အခါများတွင် MNHRC သည် အလုပ်မဖြစ်ရုံသာမက မြန်မာနိုင်ငံအချို့နေရာများတွင် အပြစ်ပေးခံရခြင်းမှကင်းလွတ်သည့် ဓလေ့နှင့် အမုန်းတရားပြန့်ပွားရေး တို့ကိုပင် လက်တွေ့အားပေးခဲ့သည်ကို တွေ့ရသည်။

### အမှုဖြစ်စဉ်လေ့လာချက် ၁ - ဒူချီယာတန်သတ်ဖြတ်မှု

ဒီကနေ့ မြန်မာနိုင်ငံတွင် အရေးတကြီးအဖြစ်ဆုံး လူ့အခွင့်အရေးပြဿနာမှာ ရိုဟင်ဂျာဆန့်ကျင်ရေးအကြမ်းဖက်မှုနှင့် အာဏာပိုင်တို့၏နှိပ်ကွပ်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအခြေအနေ အထူးစုံစမ်းရေးသမား သောမာ့စ်ကွင်တားနားက ၂၀၁၄ ခု မတ်လတွင် လူ့အခွင့်အရေးကောင်စီသို့ နောက်ဆုံးပိတ်ထုတ်ပြန်ကြေညာရာ၌ "ရခိုင်ပြည်နယ်တွင် အပြစ်လွတ်မှုနှင့် စနစ်တကျခွဲခြားနှိမ်ချမှုတို့ကို ကိုင်တွယ်ရေးမှာ အထူးစိန်ခေါ်ချက် ဖြစ်နေပြီး မဖြေရှင်းဘဲထားလျှင် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တစ်ခုလုံးကို ကမောက်ကမဖြစ်စေနိုင်သည်" ဟုဆိုခဲ့သည်။ အရေးပါသည့် အမှုဖြစ်စဉ်လေ့လာချက်တခုမှာ ၂၀၁၄ ခု ဇန်နဝါရီလက ရခိုင်ပြည်နယ် ဒူချီယာတန်ရွာ၌ ဖြစ်ပွားခဲ့သည်ဟုဆိုသည့် အစုအပြုံလိုက်သတ်ဖြတ်မှုဖြစ်သည်။ ယင်းကို ရခိုင်လူအုပ်စုနှင့် ဒေသခံပုလိပ်တို့က ကျူးလွန်ခဲ့သည်။ မြန်မာရိုဟင်ဂျာအဖွဲ့ (ယူကေ) ၏ သတင်းပို့ချက်ကို အခြေခံပြီး အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်-

*ဒူချီယာတန် ဆိုသည်မှာ ဝေးလံလှသော ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ကျေးရွာငယ်ခွန်နစ်ရွာကို စုပေါင်းခေါ်ခြင်းဖြစ်သည်။ ယင်းတို့အနက် သုံးရွာတွင် ရခိုင်လူမျိုး အများစုနေထိုင်ပြီး လေးရွာ၌ ရိုဟင်ဂျာလူမျိုးများ နေထိုင်ကြသည်။ ဇန်နဝါရီလ ၉ ရက်နေ့တွင် ယင်းဒေသကို ဖြတ်သန်းသွားနေသည့် ရိုဟင်ဂျာ ၈ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဆင့်ခေါ်ခဲ့သည်။ လေးရက်ကြာသောအခါ ရိုဟင်ဂျာ ၈ ယောက်၏ အသက်မဲ့ခန္ဓာကိုယ်များကို တွေ့ရှိခဲ့ပြီး ယင်းသတင်းမှာ ကျေးရွာများတလျှောက် ပျံ့နှံ့သွား၍ ခြောက်ခြားရှုပ်ထွေးမှုနှင့် ဒေါသအမျက်တို့ ဖြစ်ပေါ်စေခဲ့သည်။ ထိုညလယ်တွင် ရဲအရာရှိတစုသည် ရိုဟင်ဂျာ ၈ ဦးသေဆုံးမှုသတင်း ထပ်မပျံ့နှံ့အောင် တားဆီးနိုင်ရန် ရိုဟင်ဂျာရွာသားတဦးထံ သွားရောက်ခဲ့သည်ဟု ဆိုပြီး အမျိုးသမီးတဦးကို မုဒိန်းကျင့် သတ်ဖြတ်ပစ်ခဲ့သည်။ ဒေသခံရွာသားများက ယင်းအဖြစ်အပျက်ကို ကြားသိသောအခါ ဆန္ဒပြမှုများ၊ ဆူပူမှုများ ဖြစ်လာပြီး သေနတ်သံများလည်း ထွက်ခဲ့သည်။ ပျောက်ဆုံးသွားသော ရဲအရာရှိမှာ ထိုအချိန်၌ သေနတ်ဖြင့်ပစ်ခံရသည်ဟု ယူဆရသည်။ ရဲများက နောက်ထပ်အင်အားများထပ်ခေါ်လာပြီး ရခိုင်လူမျိုး ၃၀-၄၀ ခန့်ရှိသောလူအုပ်နှင့် ပြန်လာရာ မုဒိန်းကျင့်မှု၊ ရိုက်နှက်မှုနှင့် သတ်ဖြတ်မှုများ စဖြစ်ခဲ့သည်။ ရဲများကရော၊ ရခိုင်ရွာသားများကပါ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထိုအခါ ရွာသားအများစု နေရာမှထွက်ပြေးကြသည်[4]။*

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး နာဗီပီလေးက ဒူချီယာတန်ရွာတွင် ပုလိပ်နှင့် ဒေသခံရခိုင်တို့က ရိုဟင်ဂျာမွတ်စလင် ယောက်ျား၊ မိန်းမနှင့်ခလေး အနည်းဆုံး ၄၀ ကို သတ်ခဲ့ကြောင်း "ယုံကြည်လောက်ဖွယ်သတင်းအချက်အလက်" ကို ကုလသမဂ္ဂက ရရှိထားသည်ဟု ကြေညာခဲ့သည်[5]။ ယင်းသတင်းကို MSF က အတည်ပြုခဲ့ပြီး ၎င်း

[3] Alternative Asean Network on Burma(ALTSEAN-Burma), available at: http://www.altsean.org/Research/Regime%20Watch/Judicial/Human%20Rights%20Commission.php

[4] Du CheeYar Tan Massacre Timeline, Burma Rohingya Organisation UK, http://brouk.org.uk/?p=85

[5] Pillay Calls for Killings in Northern Rakhine State to be Investigated, UN Office of the High Commissioner for Human Rights,

တို့အနေဖြင့် ထိုအချိန်က ထိုဒေသတွင် ရိုဟင်ဂျာ ၂၂ ဦးကို အကြမ်းဖက်ခံရသည့်ဒဏ်ရာများကြောင့် ဆေးကုပေးခဲ့ရသည်ဟု ဆိုခဲ့သည်။ နိုင်ငံတကာစုံစမ်းစစ်ဆေးမှုလုပ်ရန် ဆော်ဩမှုများအပေါ် လျစ်လျူရှုခဲ့သော်လည်း MNHRC အား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ညွှန်ကြားမှု ရှိခဲ့သည်။

သို့သော်လည်း ၎င်းတို့က သုံးရက်ကြာစုံစမ်းစစ်ဆေးပြီးနောက် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ရာ ယင်းအဖြစ်အပျက် မဖြစ်ခဲ့ဟု ဆိုပြီး လုံခြုံရေးလုပ်ငန်းများပိုလုပ်ရန် တိုက်တွန်းခဲ့လေသည်။ သို့ရာတွင် မြန်မာ ရိုဟင်ဂျာအဖွဲ့ (ယူကေ) အဆိုအရမူ ရခိုင်ပြည်နယ်အစိုးရအရာရှိများ ယင်းဒေသသို့ ဇန်နဝါရီလ ၂၂ ရက်၌ မလာရောက်မီ ရဲနှင့် လုံခြုံရေးတို့က ရွာသူရွာသားများကို သတ်ဖြတ်မှုများအကြောင်း သို့မဟုတ် လူသေအလောင်းများ အကြောင်း မပြောရန်သတိပေးခဲ့သည်ဟု ဆိုသည်။ အကယ်၍ ဤအတိုင်းမှန်ပါက နောက်တပတ်အကြာတွင် MNHRC ကပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင်လည်း အလားတူကြောက်ရွံ့မှုမျိုး ဖြစ်ခဲ့ပေလိမ့်မည်။

MNHRC ကြေညာချက်၏ စိုးရိမ်ပူပန်စရာဘက်တဘက်မှာ ရိုဟင်ဂျာတို့ကို ဘင်္ဂါလီအဖြစ် ရည်ညွှန်းနေခြင်းဖြစ်သည်။ ရခိုင်ဗုဒ္ဓဘာသာဝင်အများအပြားနှင့် မြန်မာနိုင်ငံတဝှန်းမှ လူအများအပြားအဖို့ ရိုဟင်ဂျာဟူသော ဝေါဟာရမှာ ဘင်္ဂလားဒေ့ရှ်မှ ခိုးဝင်လာသူများက မြန်မာပြည်အတွင်း ပိုအဆင့်မြင့်သည့်အနေအထားရနိုင်ရန် တီထွင်ဖန်တီးထားသည့် အမှတ်အသားဟု မြင်နေကြသည်။ ၎င်းတို့သည် မြန်မာနိုင်ငံမှမဟုတ် ဆိုသောအယူအဆကို အားကောင်းစေသည့် အလွန့်အလွန်ခွဲခြားဆက်ဆံသော စကားလုံးဖြစ်နေပြီး လူတို့အနေနှင့် မိမိတို့ကိုယ်မိမိတို့ လွတ်လပ်စွာသတ်မှတ်ခွင့်ရှိသည့် လူ့အခွင့်အရေးမူကို ချိုးဖောက်နေသည်။ ဤစုံစမ်းစစ်ဆေးမှုအရ MNHRC သည် ဘက်လိုက်မှု မကင်းကြောင်း သိသာနေသည်။ သုံးစွဲသည့်စကားက ခွဲခြားဆက်ဆံသည့်သဘောထားကို ထင်ဟပ်နေပြီး အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို မလေးစားသည့် အသုံးအနှုန်းဖြစ်နေသည်။ စုံစမ်းစစ်ဆေးမှုမှာ နိုင်ငံတကာအသိုင်းအဝိုင်းက လွတ်လပ်သည့်နိုင်ငံတကာစုံစမ်းစစ်ဆေးမှုလုပ်ဖို့ တောင်းဆိုမှုများကို ချေးသိပ်နိုင်ရန် တန်ပြန်ကြိုးပမ်းချက်သာ ဖြစ်ခဲ့သည်။

ထိုမျှသာမက ရိုဟင်ဂျာ ၂၂ ယောက်ကို ဆေးကုပေးခဲ့သည်ဆိုသည့် MSF ကြေညာချက်များကြောင့် အစိုးရက ရခိုင်ပြည်နယ်ရှိ MSF သက်တမ်းကို အသစ်ထပ်မတိုးပေးခဲ့ဘဲ လက်တွေ့အားဖြင့်ပိတ်ပင်ခဲ့သဖြင့် ရိုဟင်ဂျာအများစုဖြစ်သော ထိရှခံလွယ်လူထုများအတွက် အသက်ကယ်ဆေးဝါးကုသမှု မပေးနိုင်တော့ပေ။ အစိုးရက သတင်းဌာနများကိုလည်း တင်းမာမှုများဖြစ်စေရန် နှိုးဆွပေးခဲ့သည်ဟု အပြစ်တင်ပြီး သတင်းထောက်များ ထိုဒေသသို့သွားရောက်ခွင့်ကို ငြင်းဆန်ခဲ့ကာ ခေတ္တမျှ ထိန်းသိမ်းချုပ်နှောင်ခဲ့သေးသည်[6]။ ကုလသမဂ္ဂ၏ တွေ့ရှိချက်များနှင့် MSF ကြေညာချက်များကို ဆန့်ကျင်ကွဲလွဲနေသော MNHRC ၏စုံစမ်းစစ်ဆေးမှုကြောင့် ယင်းကော်မရှင်မှာ နိုင်ငံတကာအသိုင်းအဝိုင်း၏ မျက်လုံးထဲတွင် အဆင့်သိက္ခာမရှိတော့ဘဲ ဖြစ်သွားသည်။ လွတ်လပ်သည့် NHRC မှန်လျှင် နိုင်ငံတော်အဖွဲ့အစည်းတခု၊ ယခုအမှုတွင် ပုလိပ်၊ က ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်ဆိုးသွမ်းမှုများကို ဖုံးဖိဖို့ကရိယာ အဖြစ်ခံမည် မဟုတ်ပေ။

### အမှုဖြစ်စဉ်လေ့လာချက် ၂ - ပဋိပက္ခနယ်မြေများရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

ယနေ့မြန်မာနိုင်ငံ ရင်ဆိုင်နေရသော အဓိကလူ့အခွင့်အရေးပြဿနာတခုမှာ မြန်မာစစ်တပ်က အပြစ်ပေးခံရခြင်းမရှိပဲ ဆက်လက်လုပ်ဆောင်နေသည့် မတရားပြုမှု အမူအကျင့်ပင်ဖြစ်သည်။ အဓိကလက်နက်ကိုင်အဖွဲ့အများစုနှင့် အပစ်အခတ်ရပ်စဲရေးများ လက်မှတ်ထိုးခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လုပ်နေသော်လည်း မြန်မာစစ်တပ်ကိုယ်တိုင်ကမူ မြန်မာပြည်မြောက်ပိုင်း၌ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့အပေါ် ထိုးစစ်ဆက်လုပ်နေသည်။ လွန်ခဲ့သည့်သုံးနှစ်အတွင်း

---

January, 2014,
http://www.altsean.org/Research/Regime%20Watch/Judicial/Human%20Rights%20Commission.php

6 Rise in Bigotry Fuels Massacre in Myanmar, Jane Perlez, The New York Times, 1, March, 2014, http://www.nytimes.com/2014/03/02/world/asia/rise-in-bigotry-fuels-massacre-inside-myanmar.html

လူတသိန်းကျော် အိုးအိမ်စွန့်ခွာခဲ့ရပြီး လူ့အခွင့်အရေးအဖွဲ့များက အဓိကအားဖြင့် မြန်မာစစ်တပ် ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုတသီကြီးကို မှတ်တမ်းတင်ထားသည်။

အထူးပြဿနာတရပ်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်သည်။ တိုင်းရင်းသူလူထုအခြေပြုအဖွဲ့အစည်း ၁၃ ဖွဲ့ပါဝင်သည့် ညွန့်ပေါင်းအဖွဲ့တခုဖြစ်သော မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ် (WLB) က ၂၀၁၄ ခု ဇန်နဝါရီလတွင် "အရေးယူမှုကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ"[7] အမည်ရှိအစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့သည်။ အစီရင်ခံစာထဲတွင် ၂၀၁၀ ခုနှစ် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့ပြီးနောက် အမျိုးသမီး ၁၀၀ ကျော်ကို မြန်မာစစ်တပ်က မုဒိန်းကျင့်ခဲ့ပုံကို တင်ပြ ထားသည်။ အမှုအများစုမှာ တိုက်ပွဲအများစု ကြုံတွေ့နေရသော ကချင်ပြည်နယ်တွင်ဖြစ်ပြီး မြန်မာစစ်တပ် အများဆုံး လှုပ်ရှားရာနယ်မြေဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးရှိသော်လည်း မြန်မာစစ်တပ် ဆက်လက်လှုပ်ရှားကာ ထိုးစစ်များ ဆင်နေသော ရှမ်းပြည်နယ်တွင်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသုံးဆယ်ကို မှတ်တမ်းရထားသည်။ အစီရင်ခံစာအရ မှတ်တမ်းတင်ထားသည့်အမှုများအနက် လေးဆယ့်ရှစ်မှုမှာ မြန်မာစစ်သားများ၏ အုပ်စုလိုက်မုဒိန်းကျင့်မှုဖြစ်ပြီး ကျူးလွန်ခံရသူ နှစ်ဆယ့်ရှစ်ယောက် သေဆုံးသွားခဲ့သည်။ အချို့မိန်းခလေးများမှာ အသက်ရှစ်နှစ်သာရှိသေးသည်။ ဤအမှုများကို မှတ်တမ်းယူရာတွင် လက်တုံ့ပြန်ခံရမှာ ကိုစိုးရိမ်ခြင်းနှင့် လူမှုရေးအစွန်းအထင်းဖြစ်မှာစိုးရိမ်ခြင်း ဟူ သည့်အခက်အခဲများရှိသဖြင့် ယခုကိန်းဂဏန်းများမှာ ပြဿနာတစ်စုံလုံး၏ အစွန်းအဖျားပမာဏမျှသာ ဖြစ်သည်ဟု WLB က ယုံကြည်နေသည်။

မြန်မာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မုဒိန်းကျင့်မှုများ ဖြစ်ပျက်ခြင်းမှာ စနစ်တကျဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြစ်သည်။ သို့ဖြစ်ရာ "မြန်မာစစ်တပ်သည် တိုင်းရင်းသားရပ်ရွာလူထုများ ခြောက်ခြားတုန်လှုပ်စေရန်နှင့် ဖျက်ဆီးရန် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို လက်နက်ကရိယာတခုအဖြစ် သုံးနေသည်။ ဤလိင်ပိုင်းဆိုင်ရာပြစ်မှုများတွင် စစ်တပ်အရာရှိများက ဆိတ်ဆိတ်နေ လိုက်လျောပေးရုံမက ၎င်းတို့ကိုယ်တိုင်ပင်လျှင် ကျူးလွန်သူများ မကြာခဏဖြစ်နေသည်။" သို့သော်လည်း ဤ တုန်လှုပ်ဖွယ်မတရားမှုများကို ပြစ်ဒဏ်မခံရဘဲ ကျူးလွန်နေကြသည်။ ၂၀၀၈ ခု အခြေခံဥပဒေအောက်တွင် စစ်ခုံရုံးစနစ် ထူထောင်ထားရာ မြန်မာနိုင်ငံရှေ့နေများကောင်စီအဆိုအရ ယင်း၏အခွင့်အာဏာအောက်တွင် "စစ်ဘက်ပုဂ္ဂိုလ်များသည် မည်သည့်ရာဇဝတ်မှု ကျူးလွန်သည်ဖြစ်စေ နယ်ဘက်တရားရုံးများရှေ့မှောက် ဘယ်တော့မှလာဖို့မလို။[8]" အခြားနိုင်ငံများတွင်လည်း စစ်ခုံရုံးစနစ်များ ပေါ်များကြသော်လည်း မြန်မာနိုင်ငံတွင် စစ်ဘက် တရားရေးစနစ်မှာ လက်တွေ့တွင် လုံးဝမရှိဖြစ်နေသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် စစ်တရားရုံးများ၌ ချမှတ်သည့်ဆုံးဖြတ်ချက်များကို အရပ်ဘက်တရားရုံးချုပ်သို့ အယူခံနိုင်သည်၊ သို့ရာတွင် မြန်မာနိုင်ငံ၏ စစ်ဘက်တရား ရေးစနစ်၌ အမြင့်ဆုံးအာဏာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖြစ်ပြီး မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ပယ်လှန်နိုင်သည်[9]။

သို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လက်ရှိဥပဒေဘောင်အတွင်း တာဝန်ခံမှုမရှိသည့် တရားမဲ့မှုဝါဒများကို လွတ်လပ်၍ထိရောက်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်ရန် ပို၍ပင် အရေးကြီးလာသည်။ သို့ရာတွင် MNHRC သည် မြန်မာစစ်တပ်ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် မုဒိန်းမှုများကို ကိုင်တွယ်ရန် အားထုတ်မှု အလွန်ပင်နည်းနေသည်။ WLB က ဇန်နဝါရီလတွင် ၎င်းအစီရင်ခံစာ ထုတ်ပြန်သည့်အခါ MNHRC ကို ထုတ်ပြန်သည့်အခမ်းအနားတက်ရန် ဖိတ်ကြားခဲ့သော်လည်း လုံးဝ တုန့်ပြန်မှုမရှိခဲ့ပေ။ အလားတူပင် WLB အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) ကလည်း MNHRC ကို ယင်းကိစ္စနှင့်ပတ်သက်၍ ထိတွေ့ဆက်ဆံနိုင်ရန် ကြိုးစားခဲ့ပြီး အစီရင်ခံစာများ ပေးပို့ခဲ့သည့်အခါ မည်သည့်တုန့်ပြန်မှုမှမရှိခဲ့ပေ။ ဤအချက်ကို ညွှန်ပြခဲ့သည့်ဖြစ်စဉ်မှာ ဆွမ်လွတ်ရွယ်ဂျာအမှုဖြစ်သည်။ ယင်းအမှုက ပဋိပက္ခဒေသများရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအ

---

[7] Same Impunity, Same Patterns, Women's League of Burma, January, 2014, http://womenofburma.org/wpcontent/uploads/2014/01/SameImpunitySamePattern_English-final.pdf

[8] "Revealing Burma's System of Impunity," Burma Lawyer's Council, 9 September 2011, http://www.burmapartnership.org/wpcontent/uploads/2011/09/Revealing-Burmas-System-of-Impunity-BLC-Briefer.pdf

[9] "Myanmar: Civil-military Relations and Constitutional Reform," Melissa Crouch, East Asia Forum, 21 June 2013, http://www.eastasiaforum.org/2013/06/21/myanmar-civil-military-relations-and-constitutional-reform/

ပေါ် MNHRC ၏ ဂရုမမူမှုကင်းမဲ့ပုံကို နမူနာပြနေသည်။ ဆွမ်လွတ်ရွှယ်ဂျာ မှာ ၂၀၁၁ ခုနှောင်းပိုင်းတွင် မြန်မာစစ်တပ်၏ ပြန်ပေးဆွဲသွားခြင်းခံရသည့် ကချင်အမျိုးသမီးဖြစ်သည်။ သူမကို မြန်မာစစ်တပ်စခန်းတခုတွင် လိင်ပိုင်းဆိုင်ရာစော်ကားသည်ကို သက်သေများ မြင်တွေ့ခဲ့သော်လည်း သူမ၏မိသားစုကို တရားရေးစနစ်က မည်သည့်ဖြေရှင်းပေးမှုမှ မပေးခဲ့ပေ။ သို့ဖြင့် KWAT က ဤအမှုကို MNHRC သို့တိုင်တန်းခဲ့သော်လည်း တခုတည်းသောတုန့်ပြန်မှုမှာ ကော်မရှင်က ဗဟိုအစိုးရရုံးသို့ ဆက်လက်တင်ပြလိုက်ကြောင်း ပြန်ကြားစာသာ ရှိခဲ့သည်။ ၂၀၁၂ ခုတွင် KWAT က MNHRC နှင့် တွေ့ဆုံခဲ့ပြီး အတူတကွအလုပ်လုပ်ရန် ကမ်းလှမ်းခဲ့သည်။ MNHRC အဖွဲ့ဝင် ဒေါ်စောခင်ကြီးက သဘောတူခဲ့သော်လည်း KWAT က နောက်ဆက်တွဲသတိထောက်စာ ပေးပို့ပြီးနောက် မည်သည့်တုန့်ပြန်မှုမှ မလာတော့ပေ။

ပွင့်ပွင့်လင်းလင်းပြောရလျှင် MNHRC သည် မြန်မာစစ်တပ်၏အရေးကိစ္စများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် ပါဝင်ပတ်သက်ခြင်း ပြုလိမ့်မည်မဟုတ်ပေ။ မုဒိန်းကျင့်ခြင်းကို စစ်လက်နက်တခုသဖွယ်သုံးခြင်းကဲ့သို့ မြန်မာစစ်တပ်၏ လုပ်ရပ်များက စစ်ရာဇဝတ်မှုမြောက်နေကြောင်း အထောက်အထားရှိသည်ဖြစ်စေ ပတ်သက်လိမ့်မည်မဟုတ်။ မြန်မာနိုင်ငံတွင် မြန်မာစစ်တပ်သည် အာဏာအကြီးဆုံးအဖွဲ့ဖြစ်ပြီး အခြားနယ်ပယ်များတွင် ပြုပြင်ပြောင်းလဲရေး အဆင့်အမျိုးမျိုး ဖြစ်ပေါ်ခဲ့သော်လည်း စစ်တပ်မှာ လုံးဝပြုပြင်ပြောင်းလဲမှု မရှိဖြစ်နေသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်က စစ်တပ်၏လုပ်ရပ်များအပေါ် ဩဇာအာဏာရှိမရှိ အငြင်းပွားဖွယ်ဖြစ်နေသည့် အထောက်အထားမှာ သမ္မတသိန်းစိန်က ကချင်ပြည်နယ်တွင် ထိုးစစ်များရပ်ဖို့ အမိန့်နှစ်ကြိမ်ပေးခဲ့သည်ကို အလေးမမူဘဲ နေခဲ့ခြင်းဖြစ်သည်။ MNHRC အနေဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် မုဒိန်းမှုတို့ကို စုံစမ်းစစ်ဆေးဖို့ ခံယူချက်ရှိမရှိ ထည့်တွက်စရာမလိုပေ။ အဓိကပြဿနာမှာ မြန်မာနိုင်ငံကို စစ်တပ်က ဆက်လက်ထိန်းချုပ်နေဆဲဖြစ်ခြင်းနှင့် စစ်တပ်ကိုကြောက်ရွံ့မှု ကြီးကြီးမားမား အမှန်တကယ်ရှိနေသေးခြင်းပင် ဖြစ်သည်။ MNHRC သည် အစိုးရနှင့် ကင်းလွတ်မနေပေ။ ထို့အပြင် အစိုးရမှာလည်း စစ်တပ်အပေါ် ချုပ်ကိုင်နိုင်မှု အလိုအလျောက်မရသဖြင့် အစိုးရက MNHRC အပေါ် ချုပ်ကိုင်မှု များသည်ဖြစ်စေ နည်းသည်ဖြစ်စေ MNHRC အနေဖြင့် အမြဲဘဝရောက်နေရသည်။

## <u>ပြည်တွင်း ပါဝင်သက်ဆိုင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း</u>

ပြီးခဲ့သည့်နှစ်အတွင်း MNHRC အနေဖြင့် အရပ်ဘက်လူမှုအသင်းအဖွဲ့များ၏ အကြံပြုချက်ကို လက်ခံထည့်သွင်းနိုင်ရန်နှင့် ပိုမိုပွင့်လင်းမြင်သာစွာလုပ်ဆောင်နိုင်ရန် ပိုမိုကျယ်ပြန့်သောချဉ်းကပ်မှု ရှိခဲ့သည်။ သို့သော်လည်း ယင်းလုပ်ရပ်မှာ အလွန်နိမ့်လှသည့်အခြေခံစည်းမှ စတင်နေခြင်းဖြစ်သည်။ အပြုသဘောဆန်သည့် ဖြစ်ထွန်းမှုတခုမှာ မြန်မာ ဘာသာ၊ အင်္ဂလိပ်ဘာသာတို့နှင့် ဝက်ဆိုက်တခု တည်ထောင်ခြင်းဖြစ်သည်။ အစိုးရပိုင် 'မြန်မာ့အလင်း'သတင်းစာတွင် လည်း ကြော်ငြာစာများပါလာပြီး တိုင်ကြားနည်းနှင့်ပတ်သက်၍ သတင်းအချက်အလက်ပေးထားသည်။

အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံဖို့ အထင်ရှားဆုံးကြိုးပမ်းချက်မှာ ၂၀၁၃ ခု ဇူလိုင်လက 'ကြေးမုံ' သတင်းစာတွင် ကော်မရှင်ဥပဒေကြမ်းကို ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်နိုင်စရာရှိသည်။ ဤဖော်ပြချက်နှင့် အတူ ဝေဖန်ချက်များ အကြံပြုချက်များပေးဖို့ ဖိတ်ခေါ်ချက်လည်းပါရှိရာ အရပ်ဘက်လူမှုအသင်းအဖွဲ့များက ထိုက်သင့်သလို တင်ပြခဲ့ကြသည်။ ဤဖြစ်ရပ်သည် ဥပဒေပြုအမတ်များအနေဖြင့် အရပ်ဘက်လူမှုအသင်းအဖွဲ့ ၄၃ ဖွဲ့ထံမှ အကြံပြုတင်ပြချက်များ ထည့်သွင်းနိုင်ဖို့ တကယ့်အခွင့်အလမ်းကြီးဖြစ်သည်။ ယင်း ၄၃ ဖွဲ့မှာ ကော်မရှင်ကို ပိုမိုလွတ်လပ်ပြီးထိရောက်စေနိုင်ဖို့ အသက်သွင်းဥပဒေအတွက်လိုအပ်သည့်အပြောင်းအလဲများကို ဖော်ပြထားသည့် ခြောက်မျက်နှာစာတမ်းတခု လက်မှတ်ထိုးထုတ်ခဲ့သူများဖြစ်သည်။ သို့ရာတွင် ၂၀၁၄ ခု မတ်လတွင် ပြဋ္ဌာန်းလိုက်သည့် အချောသတ်ဥပဒေမှာ နဂိုမူလ မူကြမ်းနှင့် အလွန်တရာမှဆင်တူနေပြီး အပြောင်းအလဲ နည်းနည်းလေးကိုသာ ထည့်သွင်းထားသည်။ ပြောင်းလဲချက်တခုမှာ ရွေးချယ်ရေးဘုတ်အဖွဲ့တွင် အရပ်ဘက်လူမှုအသင်းအဖွဲ့များမှ တစ်ဦးအစား နှစ်ဦးပါလာခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းတို့သည် မှတ်ပုံတင်ထားရန် လိုအပ်ဆဲဖြစ်သည်။ အကြံပြုတိုက်တွန်းချက်များအပေါ် အခြေခံထားသည့် နောက်ထပ်အပြုသဘောဆောင်သော အပြောင်းအလဲမှာ တိုင်ကြားမှုတစ်ခုသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတခုနှင့် ပတ်သက်နေလျှင် MNHRC ၏

စုံစမ်းတွေ့ရှိချက်များကို သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းသို့ပေးပို့ရပြီး ရက် ၃၀ အတွင်း တုန့်ပြန်ဖြေရှင်းရမည်ဟု ပြဋ္ဌာန်းခြင်းဖြစ်သည်။ သို့ရာတွင် ဥပဒေကြမ်းတွင် သော့ချက် ပြဿနာများ ရှိနေဆဲဖြစ်၍ အရပ်ဘက်လူမှုအသင်းအဖွဲ့များ၏ အကြံဉာဏ်ဖိတ်ခေါ်ချက်ကို များစွာ အားနည်းသွားစေသည်။ ထို့အပြင် ဝေဖန်ချက်များပေးပို့ဖို့ ဖိတ်ခေါ်ထားသော်လည်း MNHRC နှင့် အရပ်ဘက်လူမှုအသင်းအဖွဲ့များအကြား အသက်သွင်း ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လက်တွေ့အားဖြင့် တွေ့ဆုံညှိနှိုင်းမှု မရှိပေ။

အသက်သွင်းဥပဒေသည် MNHRC ကို အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်းဖို့အခွင့်အာဏာ တကယ် ပေးထားသော်လည်း လိုအပ်ချက်ရှိနေသေးသည်။ MNHRC အား အကြံပြုတိုက်တွန်းချက်များတွင် အဆိုပါ တိုင်ပင်ညှိနှိုင်းမှုကို" အချိန်မှန်လုပ်ရန်နှင့် ကျယ်ပြန့်စေရန်" ပြောထားသည်။

လူ့အခွင့်အရေးကော်မရှင်ဥပဒေအတွက် အကြံပြုချက်ဖိတ်ခေါ်မှုမှအပ အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် လက်တွေ့ ထိတွေ့ဆက်ဆံရေးလုပ်ရပ်နှင့် ပတ်သက်သည့် ရလဒ်များမှာ ရောထွေးနေသည်။ နိုင်ငံတွင်း၌ အရပ်ဘက် လူမှုအသင်းအဖွဲ့များထံ သွားရောက်ဆက်ဆံမှုထက်ပိုလွန်သည့် ကြိုးပမ်းချက်ရှိခဲ့သည်။ ကော်မရှင်အဖွဲ့ဝင်များသည် မနှစ်က မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်သို့ ခရီးများထွက်ပြီး အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် ကော်မရှင်ကိစ္စ ဆွေးနွေးကာ လူ့အခွင့်အရေးသင်တန်းများ ပြုလုပ်ခဲ့သည်။ သို့ရာတွင် အရပ်ဘက်လူမှုအသင်းအဖွဲ့များ နှင့် စနစ်တကျ ပုံမှန်ဆက်ဆံမှု မဟုတ်ခဲ့ပေ။ မြန်မာနိုင်ငံတွင် ဝေးလံခေါင်ဖျားဒေသများနှင့် မဖွံ့ဖြိုးသေးသည့်ဒေသများ အများအပြားရှိနေသဖြင့် ပို၍ ခရီးထွက်ရန်လိုနေသည်။ လောလောဆယ်တွင် MNHRC ရုံးမှာ ရန်ကုန်မြို့၌ရှိရာ လူ အများအပြားအတွက် လာရောက်ဖို့ ဝေးလံလွန်းပြီး သွားလာစရိတ် ဈေးကြီးလွန်းနေသည်။ ထို့အပြင် ၂၀၁၂ ခုနောက် ပိုင်းတွင် ကချင်ပြည်နယ်၌ လူ့အခွင့်အရေးအခြေအနေ ဆက်လက်ဆုတ်ယုတ်နိမ့်ကျနေသော်လည်း ထိုဒေသသို့ နောက်ထပ်သွားရောက်မှု မရှိတော့ပေ။

MNHRC သည် တရားရုံးတင်ထားပြီးသောအမှု သို့မဟုတ် တရားရုံးမှ စီရင်ချက်ချထားပြီးသည့်အမှုကို စုံစမ်းစစ်ဆေးနိုင်ခွင့်မရှိဟု ကော်မရှင်ဥပဒေက ဆိုထားသည်။ သို့ရာတွင် ယင်းတို့မှာ အဖြည့်သဘော စစ်ဆေးမှုများသာ ဖြစ်သင့်ပြီး ကော်မရှင်ဥပဒေ၌ အပြိုင်စုံစမ်းစစ်ဆေးမှုကိုလည်း ခွင့်ပြုသင့်သည်။

ကော်မရှင်ဥပဒေတွင် လွှတ်တော်နှင့်စပ်လျဉ်းသည့် MNHRC အခန်းကဏ္ဍကိုလည်း ဖော်ပြထားရာ နှစ်ပတ်လည် အစီရင်ခံစာကို ဥပဒေပြုလွှတ်တော်သို့ တင်ပြရန်နှင့် လွှတ်တော်က လက်ရှိလူ့အခွင့်အရေးအခြေအနေကို အနှစ်ချုပ် သုံးသပ်ကာ ဆောင်ရွက်ခဲ့သည့် အဓိကလှုပ်ရှားမှုများကို ဖော်ထုတ်ပြီး အကြံပြုတိုက်တွန်းချက်များပေးရန် ဖြစ်သည်။

MNHRC သည် တည်ဆဲဥပဒေများနှင့် အဆိုပြုထားသည့်ဥပဒေကြမ်းများကို သုံးသပ်ပြီး မြန်မာနိုင်ငံ လက်မှတ်ထိုး ထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီမှုရှိမရှိ စောင့်ကြည့်အကဲခတ်ရန် ဖြစ်သလို လူ့အခွင့်အရေး များကို ပိုမိုမြှင့်တင်အားပေးနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် လွှတ်တော်သို့ နောက်ထပ်ဥပဒေပြုရေး အကြံပြု တိုက်တွန်းချက်များ၊ အဆိုပြုချက်များ ပေးရမည်ဖြစ်သည်။

သို့သော် ချို့ယွင်းချက်နှစ်ခု ရှိနေသည်။ လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့် ဥပဒေများ အကောင်အထည်ဖော်ပေးမည့် နည်းဥပဒေများကိုချမှတ်သော အာဏာပိုင်အဖွဲ့များအပေါ် ကြီးကြပ်မှု မရှိပေ။ မြန်မာနိုင်ငံတွင် လက်ရှိလမ်းကြောင်းမှာ ဤနည်းဥပဒေများကို အစိုးရဝန်ကြီးဌာနအမျိုးမျိုးက ရေးဆွဲကျင့်သုံးကြခြင်းဖြစ်ရာ MNHRC ၌ ၎င်းတို့နှင့် ဌာနဆိုင်ရာ ဆက်ဆံမှု မရှိပေ။

ဒုတိယချို့ယွင်းချက်မှာ ကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ရေးဖြစ်စေ၊ ထုတ်ပယ်/တာဝန်ရုပ်သိမ်းရေးဖြစ်စေ၊ သမ္မတက အထက်လွှတ်တော်နှင့်အောက်လွှတ်တော် ဥက္ကဌ နှစ်ဦးစလုံးနှင့် တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ထို့ ကြောင့် ဥပဒေသည် အဖွဲ့အစည်း (ဝါ) လွှတ်တော်အပေါ် အခြေမခံဘဲ လူပုဂ္ဂိုလ်များအပေါ် အခြေခံထားသည့် သဘော ဖြစ်နေသည်။

## ACJ ရည်ညွှန်းစာများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို စောင့်ရှောက်ရေး

MNHRC သည် မိမိ၏လုပ်ငန်းထဲတွင် အာရှပစိဖိတ်ဖော်ရမ်အဖွဲ့၏ ဂျူရီလူကြီးများအကြံပေးကောင်စီ (ACJ) ရည်ညွှန်းစာများကို အသုံးပြုသည့်အထောက်အထား သိပ်မရှိပေ။ ယခုအစီရင်ခံစာပြုစုသူမှ ပေးပို့သည့် ACJ ရည်ညွှန်းစာများ အသုံးပြုမှုအကြောင်း မေးခွန်းလွှာကိုလည်း ပြန်ကြားခြင်းမပြုခဲ့ပေ။ သို့ရာတွင် ယနေ့ တိုင်းပြည်တွင်ရင်ဆိုင်နေရသော လူ့အခွင့်အရေးကိစ္စရပ်များ အနေအထားအရ MNHRC အတွက် အများကြီးအထောက်အကူဖြစ်မည့် အထူးရည်ညွှန်းစာတမ်းတစ်ခုရှိနေသည်။ စီးပွားရေးကုမ္ပဏီ၏တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ ACJ ရည်ညွှန်းစာတွင် ကုမ္ပဏီများ၏ လုပ်ရပ်များအတွက် တာဝန်ခံရမည့် နိုင်ငံတကာမူဘောင်များကို ဖော်ပြထားပြီး ဥပဒေပိုင်းလမ်းကြောင်းများနှင့် ဥပဒေပိုင်းမဟုတ်သည့် လမ်းကြောင်းများကိုလည်းကောင်း၊ အတားအဆီးများနှင့် ပြဿနာများကိုလည်းကောင်း ထောက်ပြထားသည်။ ယင်း ရည်ညွှန်းစာက ဤကိစ္စနှင့်ပတ်သက်၍ အမျိုးသားလူ့အခွင့်အရေးဌာနများအနေဖြင့် လုပ်ကိုင်နိုင်မည့်နည်းလမ်းများကိုလည်း အဆိုပြုထားသည်၊ ယင်းတို့မှာ ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်အကဲခတ်ရေး၊ အကောင်းဆုံးနိုင်ငံတကာကျင့်ထုံးများနှင့်ကိုက်ညီမှုအာမခံနိုင်ရန် ဥပဒေများကိုလေ့လာသုံးသပ်ရေး၊ မတရားမှုများကို စောင့်ကြည့်နိုင်ရန် လူ့အခွင့်အရေးကာကွယ်သူများ၏ စွမ်းရည်မြှင့်တင်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေများကို အစိုးရများက ပြဋ္ဌာန်းချမှတ်အောင် ဆော်သြစည်းရုံးရေး၊ အစိုးများနှင့် ကုမ္ပဏီများအား ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် တာဝန်ရှိမှုများအကြောင်း ပညာပေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာတိုင်ကြားမှုများ ကို ကိုင်တွယ်နိုင်အောင် ပညာပေးရေးတို့ဖြစ်သည်။

မြန်မာနိုင်ငံတလွှားတွင် မြေသိမ်းမှုများ တရှိန်ထိုးဖြစ်နေသည့် အနေအထားအောက်တွင် ဤ သီးသန့် ACJ ရည်ညွှန်းစာကို အသုံးပြုဖို့ အခွင့်အလမ်းရှိနေသည်။ မြေယာပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေမူဘောင်ကို သုံးသပ်ဆန်းစစ်ရေးသည် အရေးတကြီးလုပ်ရမည့် အလွန်ထူးခြားသည့်လုပ်ငန်းတာဝန် ဖြစ်နေပြီး အသက်မွေးဝမ်းကျောင်းဘဝများ၊ ပတ်ဝန်းကျင်၊ ငြိမ်းချမ်းရေးလုပ်ငန်းနှင့် တန်းတူညီသောဖွံ့ဖြိုးရေးတို့အပေါ် အကျိုးပြုသည့်ရိုက်ခတ်ချက်များ ရှိလာနိုင်သည်။ ACJ ရည်ညွှန်းစာတွင် MNHRC အနေဖြင့် မိမိလုပ်ငန်းတွင် အသုံးပြုနိုင်မည့် နည်းစနစ်ကိုလည်းကောင်း၊ မြေယာပိုင်ဆိုင်မှုပြဿနာကို ကိုင်တွယ်နိုင်မည့် အဓိပ္ပာယ်ပြည့်ဝသော လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်သည့် လက်တွေ့လမ်းညွှန်ချက်များကိုလည်းကောင်း ဖော်ပြထားသည်။

လူ့အခွင့်အရေးကာကွယ်သူများကို စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ MNHRC က လုပ်ကိုင်ထားခြင်း လုံးဝမရှိသလောက် ဖြစ်နေသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်သူများ ဆက်လက်ဖမ်းဆီးခြင်း ခံနေရသည်။ အထူးသဖြင့် မြေသိမ်းမှုများနှင့်ပတ်သက်သူများဖြစ်သည်။ သို့သော် MNHRC သည် ထိုအမှုများနှင့်ပတ်သက်၍ အသံတိတ်နေသည်။ ထို့အပြင် လူ့အခွင့်အရေးကာကွယ်သူများအတွက် MNHRC က စွမ်းရည်မြှင့်တင်ရေး သင်တန်းများ ပြုလုပ်ပေးခြင်းလည်း မရှိပေ။

## နိဂုံး

ယခုအချိန်အထိ MNHRC သည် တင်ပြလာသော မည်သည့်အမှုကိုမှ အောင်မြင်စွာစုံစမ်းစစ်ဆေးခြင်း၊ ထိရောက်စွာကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးပေ။ ကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်က ၎င်းတို့သည် စစ်ဖြစ်ရာနယ်မြေများမှ တိုင်တန်းမှု များများစားစားမရရှိကြောင်း ဇန်နဝါရီလ၌ ပြောကြားခဲ့သည်၊ သို့သော်လည်း MNHRC အနေဖြင့် ပဋိပက္ခဖြစ်ဆဲနယ်မြေများမှ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးမည်မဟုတ်ဟု ဥက္ကဋ္ဌက လူသိရှင်ကြားကြေညာသည့်အခါ အံ့သြစရာမဟုတ်ပေ။ ပဋိပက္ခဒေသများတွင် ကျယ်ပြန့် ဆိုးဝါးလွန်းလှသောချိုးဖောက်မှုများ ဖြစ်ပေါ်နေသော်လည်း MNHRC က စုံစမ်းစစ်ဆေးမည်မဟုတ် ဆိုသောအချက်သည် လူ့အခွင့်အရေးကို လေးလေးနက်နက်ကိုင်တွယ်မည်ဟု ၎င်း၏ကြွေးကြော်ချက်အတွင်း ကြီးမားလှသည့်ချို့ယွင်းချက်ကြီးဖြစ်နေသည်။ ထို့အပြင် ရခိုင်ပြည်နယ်မှအခြေအနေ ယိုယွင်းပျက်ပြားနေရာ၊ အခြားလူ့အခွင့်အရေးအဖွဲ့အစည်းအမျိုးမျိုးကလုပ်ခဲ့သလို လူ့အခွင့်အရေးကျူးလွန်မှုများကို ရှုတ်ချသည့်ကြေညာချက်ပင် မထုတ်ရုံမျှမက ရဲများကျူးလွန်ခဲ့သည့် ဆိုးရွားသောပစ်မှုများကို ဖုံးဖိပေးနိုင်ရန်

အသုံးခံကိရိယာအဖြစ် ဆောင်ရွက်ပေးခြင်း၊ ရိုဟင်ဂျာတို့ကို တရားမဝင်ကူးဝင်လာသူများအဖြစ် သရုပ်ဖော်မှုများကို အားပေးခြင်းတို့အားဖြင့် ရိုဟင်ဂျာနှိပ်ကွပ်ရေး၌ အလိုတူပါဝင်နေသည်။

အထက်ပါ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ဆန်းစစ်ချက်မှာ အသက်ဝင်မလာသေးသည့်ဥပဒေတစ်ရပ်ကို အခြေခံထားခြင်းဖြစ်၍ ဥပဒေပါပြဌာန်းချက်များကို လက်တွေ့ကျင့်သုံးမှုနှင့် စပ်လျဉ်းပြီး အချိန်ယူစောင့်ကြည့်သွားရမည်ဖြစ်သည်။ အကြီးဆုံး ချို့ယွင်းချက်တစ်ခုမှာ ရွေးချယ်ရေးကော်မတီတွင် လွတ်လပ်မှုမရှိခြင်းဖြစ်သည်။ ၎င်းအဖွဲ့ဝင်များထဲတွင် အစိုးရပိုင်းမှ သို့မဟုတ် အစိုးရနှင့်ချိတ်ဆက်ထားသည့်အဖွဲ့ဝင် များလွန်းနေပြီး အရပ်ဘက်လူမှုအသင်းအဖွဲ့ပါဝင်ရေးပြဌာန်းချက်မှာလည်း မှတ်ပုံတင်ရေးသတ်မှတ်ချက်ကြောင့် မြန်မာနိုင်ငံ၏ အရပ်ဘက်လူမှုအသင်းအဖွဲ့များမှ ကြီးမားသည့်အစိတ် အပိုင်းကို ဖယ်ထုတ်ထားသည်။ ထိုမျှသာမကဘဲ MNHRC သည် သမ္မတရုံးအပေါ် ဘဏ္ဍာရေးအရ မှီခိုနေရသည်။

ခိုင်မာသောတက်မှုများရှိလာသည်ဟု အများမှသတ်မှတ်နိုင်ရန် MNHRC အနေဖြင့် မြန်မာနိုင်ငံမှ ယိုယွင်းကျဆင်းနေသည့် လူ့အခွင့်အရေးအခြေအနေများစွာအနက် တစ်ခုကို ထိထိရောက်ရောက် ကိုင်တွယ်ပြရန် လိုအပ်နေသည်။ သို့မှသာ ၎င်းအနေဖြင့် လွတ်လပ်မှုအတိုင်းအတာ သိသိသာသာကြီးရှိကြောင်းနှင့် လူ့အခွင့်အရေး မတရားမှုများကို စုံစမ်းစစ် ဆေးနိုင်ဖို့ နိုင်ငံရေးဆန္ဒရှိကြောင်း အချက်ပြအသိပေးနိုင်မည်ဖြစ်သည်။

## <u>အကြံပြုတိုက်တွန်းချက်များ</u>

မြန်မာအစိုးရ၊ လွှတ်တော်နှင့် စစ်တပ်သို့-

- MNHRC ကို ပဋိပက္ခဖြစ်နေဆဲနေရာများနှင့် အပစ်ရပ်နယ်မြေများ သို့ အဟန့်အတားမရှိဝင်ထွက်ခွင့်ပြုရန်နှင့် ၎င်း၏ လုံခြုံရေးကို အာမခံရန်
- အောက်ပါအချက်တို့ကို အာမခံချက်ပေးနိုင်အောင် ကော်မရှင်ဥပဒေအား ပြင်ဆင်ရန်-
  - ရွေးချယ်ရေးကော်မတီတွင် မှတ်ပုံတင်မထားသည့်အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်လူမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များ ပိုမိုပါဝင်စေရန်
  - အဖွဲ့ဝင် အနည်းဆုံးသုံးပုံတစ်ပုံသည် အမျိုးသမီးများနှင့် ဘာသာရေး၊ တိုင်းရင်းသားလူနည်းစုများမှ ဖြစ်ရေး သတ်မှတ်ပေးရန်
  - ထိရှလွယ်သော ပြဿနာရပ်များကို စုံစမ်းစစ်ဆေးသည့်အတွက် လက်တုံ့ပြန်ခံရခြင်းအား ရှောင်လွှဲနိုင်ရန် ထုတ်ပယ်ရေးလုပ်ထုံးလုပ်နည်းများအတွက် လွတ်လပ်သည့်ယန္တရားစနစ် ထူထောင်ရန်၊
  - တရားရုံးရင်ဆိုင်ဆဲအမှုများကို MNHRC အနေဖြင့် စုံစမ်းစစ်ဆေးခွင့်ပြုရန်၊
  - MNHRC အတွက် ငွေကြေးထောက်ပံ့မှုကို အစိုးရကဆုံးဖြတ်ခြင်းအစား လွှတ်တော်ကဆုံးဖြတ်ရန်၊
  - လစာများ အသုံးစရိတ်များကို သမ္မတရုံးက ခန့်ခွဲနေခြင်းအစား လွှတ်တော်က ခန့်ခွဲရန်။

MNHRC သို့-

- မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ၊ လူ့အခွင့်အရေးအဖွဲ့များ၊ တိုင်းရင်းသားအဖွဲ့များနှင့် အမျိုးသမီးအဖွဲ့များအပါအဝင် အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် ပုံမှန် စနစ်တကျထိတွေ့ဆက်ဆံရန်၊
- လူ့အခွင့်အရေးကာကွယ်သူများ ဖမ်းဆီးခံရမှု ခြိမ်းခြောက်ခံရမှုတို့အတွက် လူသိရှင်ကြား ကန့်ကွက်ပြောဆိုရန်၊
- မိမိလုပ်ငန်းများအတွက် Advisory Council of Jurists Reference (ACJ) ရည်ညွှန်းစာများကို လေ့လာရန်နှင့် အသုံးပြုရန်၊
- ခွဲခြားနှိမ်ချရာရောက်သည့်စကား သုံးနှုန်းခြင်းအား ရှောင်ရှားခြင်းဖြင့် ရခိုင်ပြည်နယ်မှ လူမျိုးရေးခွဲခြားမှုနှင့် အကြမ်းဖက်မှုများ ကျူးလွန်ခြင်းတွင် ပါဝင်မှုမပြုရန်